## ဟေမဝတသုတ္တန်မှ ထုတ်နုတ်ထားသော အမေးအဖြေ

## (လောက–ကို မြတ်စွာဘုရား၏ဖွင့်ဆိုချက်)

သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းနှစ်ဦးတို့သည် မိမိတို့၏ အခြွေအရံဖြစ်သည့် နတ်ဘီလူးပေါင်းတထောင်ခြံရံကုန်လျက် ထိုညသန်းခေါင်ယံအချိန်တွင် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ သွားရောက်ကြ၍ ဓမ္မစကြာဟောကြားတော်မူစဉ် ဖွဲ့ခွေသောတင်ပလ္လင်ကို မဖျက်ရသေးဘဲ ထိုင်မြဲထိုင်နေတော်မူသော မြတ်စွာဘုရားအထံသို့ ဆည်းကပ်ရှိခိုးပြီးလျှင် "သစ္စာလေးပါးမြတ်တရားကို အကျဉ်းအကျယ်နှစ်သွယ်ပိုင်းခြား ဟောကြားတော်မူသော, ခပ်သိမ်းသောတရားတို့၌ အဘိညာ+ပရိညာ+ပဟာန+ဘာဝနာ+ သစ္ဆိကိရိယ+သမာပတ္တိအား ခြောက်ပါးသော အခြင်းအရာတို့ဖြင့် တဖက်ကမ်းရောက် တတ်မြောက်သိမြင်တော်မူသော, မောဟတည်းဟူသော အိပ်ပျော်ခြင်းမှလည်း နိုးကြား တော်မူသော, ပါဏာတိပါတ စသည်ငါးတန် ဘေးရန်တို့ကိုလည်း လွန်မြောက်တော်မူပြီး သော ဂေါတမနွယ်ဖွား ရှင်တော်ဘုရားကို အကျွန်ုပ်တို့သည် မသိမမြင်သောအချက်များ ကို လျှောက်ထားမေးမြန်းပါစေကုန်ဘုရား" ဟူ၍ ပြဿနာမေးလျှောက်ရန် ခွင့်ပန်ကြလေ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား … အဘယ်တရား ထင်ရှားရှိလတ်သော် သတ္တလောက သင်္ခါရလောက နှစ်ပါးထင်ရှားဖြစ်ပါသနည်း။ လူနတ်ပြဟ္မာ သတ္တဝါအပေါင်း သည် အဘယ်တရား၌ ငါ+ ငါ့ဥစ္စာ ဟူ၍ တဏှာဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့မှုပြုကြပါသနည်း။ အဘယ်တရားကို အစွဲပြု၍ သတ္တလောက သင်္ခါရလောကဟူ၍ ခေါ်ဝေါ်မှုဖြစ်ပါသနည်း။ အဘယ်တရားကြောင့် လူနတ်ပြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရသနည်း" ဟူ၍ လျှောက်ထားမေးမြန်းလေ၏။

ဟေမဝတနတ်မင်း … အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါးတို့ ထင်ရှားရှိလတ် ဖြစ်လတ်သော် သတ္တ လောက သင်္ခါရလောက နှစ်ပါးထင်ရှားဖြစ်ပေါ် လာ၏။ (လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတည်းဟူသော သတ္တလောကသည် ပရမတ္ထ တရားသားအားဖြင့် မျက်စိ နား နှာ လျှာ ကိုယ် စိတ်တည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါး၊ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ စိတ်ဖြင့်သိအပ်သောတရားအစု တည်းဟူသော ဗာဟိရာယတန ခြောက်ပါး၊ ဤအာယတနတဆယ့်နှစ်ပါးတို့သာလျှင် ဖြစ်

၏။ ထိုအာယတနတဆယ့်နှစ်ပါးကိုလွှတ်၍ လူနတ်ဗြဟ္မာ သတ္တဝါဟူ၍ မရှိ၊ လယ်ယာ မိုးမြေ ရွှေငွေ စပါးအစရှိသော သင်္ခါရလောကဟူသည်လည်း ပရမတ္ထ တရားသားအားဖြင့် ဗာဟိရာယတန ခြောက်ပါးသာလျှင် ဖြစ်၏။ ထိုဗာဟိရာယတန ခြောက်ပါးကို လွှတ်၍ သက်မဲ့ခန္ဓာတည်းဟူသော သင်္ခါရလောကဟူ၍ မရှိ။ ထို့ကြောင့် မြတ်စွာဘုရားသည် ဆသု လောကော သမုပ္ပန္နော = အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါးတို့ ထင်ရှားရှိလတ် ဖြစ်လတ်သော် သတ္တ လောက သင်္ခါရလောက နှစ်ပါး ထင်ရှားဖြစ်ပေါ်လာ၏ ဟူ၍ ဖြေဆိုတော်မူ၏။)

ဟေမဝတနတ်မင်း ... လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤတရားအစု၌ ငါ+ငါ့ဥစ္စာ ဟူ၍ တဏှာ ဒိဋ္ဌိ တို့ဖြင့် မိတ်ဖွဲ့မှုပြု၍ နေကြ၏။ (လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် ငါသူတပါး ယောကျ်ား မိန်းမ လယ်ယာ မိုးမြေ အစရှိသည် ထင်မှတ်၍ ငါဟူ၍၎င်း ငါ့ဥစ္စာဟူ၍၎င်း တဏှာ ဒိဋ္ဌိတို့ဖြင့် စွဲယူမိတ်ဖွဲ့အပ်သမျှ တရားအစုသည် ပရမတ္ထတရားသားအားဖြင့် အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤတရားအစုမျှသာဖြစ်၏။ မှန်ပေ၏ ... လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် မျက်စိကိုမူလည်း ငါ+ငါ့ဥစ္စာ ဟူ၍ စွဲယူထင်မှတ် တဏှာ ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ကြ၏၊ နားကိုမူလည်း ငါ+ငါ့ဥစ္စာ ဟူ၍ စွဲယူထင်မှတ် တဏှာ ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ကြ၏၊ နှာကိုသော်၎င်း, လျှာကိုသော်၎င်း, ကိုယ်ကိုသော်၎င်း, စိတ်ကိုသော်၎င်း, အဆင်းကိုသော်၎င်း, အသံကိုသော်၎င်း, အနံ့ကို သော်၎င်း, အရသာကိုသော်၎င်း, အကြမ်းအနု အပူအအေး စသော အတွေ့အထိကိုသော် ၎င်း, စိတ်ဖြင့်ကြံသိအပ်သည့် ဓမ္မကိုသော်၎င်း ငါ+ငါ့ဥစ္စာ ဟူ၍ စွဲယူထင်မှတ် တဏှာ ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ကြ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "ဆသု ကုဗ္ဗတိ သန္ထဝံ = လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤတရားအစု၌ ငါ+ငါ့ဥစ္စာ ဟူ၍ တဏှာ ဒိဋ္ဌိ တို့ဖြင့် မိတ်ဖွဲ့မှုပြု၍ နေကြ၏" ဟူ၍ ဖြေဆိုတော်မူ၏။)

ဟေမဝတနတ်မင်း ... အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါးတို့ကို ပင် အစွဲပြု၍ လူနတ်ဗြဟ္မာ သတ္တဝါဟူသော ဝေါဟာရ(=သတ္တလောက)၊ လယ်ယာ မိုးမြေ ဆန်ရေစပါး အစရှိသော (=သင်္ခါရလောက) ဝေါဟာရများ ထင်ရှားဖြစ်ပေါ်လေသည်။

ဟေမဝတနတ်မင်း ... အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤတရားတို့ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရ၏။ (အာဒိတ္တ ပရိယာယ ဒေသနာတော်အတိုင်း အာယတန(၁၂)ပါးတို့ကို ရာဂမီး ဒေါသမီး မောဟမီး အစရှိသော (၁၁)မီးတို့ တညီးညီး တပြောင်ပြောင် တောက်လောင်လျက် ရှိပေသည်။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတည်းဟူသော သတ္တလောကဟူသည်မှာလည်း ပရမတ္ထ တရားသားအားဖြင့် အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤ တရားအစုမျှသာဖြစ်၍ အမြဲတစေ (၁၁)မီးတို့ အသီးသီး တောက်လောင်လျက်ရှိချေ၏။ အာယတနရှိသောကြောင့် မီးအလောင်ခံရသည်၊ မီးအလောင်ခံရသောကြောင့် ပင်ပန်း ဆင်းရဲကြရသည်။ အာယတနမရှိလျှင် လောင်စာမရှိ၍ မီးလောင်ဖွယ် မရှိ၊ မီးမလောင် လျှင် ပင်ပန်းဆင်းရဲဖွယ်မရှိ၊ ထို့ကြောင့် မြတ်စွာဘုရားသည် “ဆသု လောကော ဝိဟညတိ = အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါး ဤတရား တို့ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရ၏” ဟူ၍ ဖြေဆိုတော် မူ၏။

ခြောက်ပါးရှိက၊ လောကဖြစ်သည်။

ခြောက်ပါးမှာခြင်း၊ ပေါင်းသင်းနေသည်။

ခြောက်ပါးကိုစွဲ၊ လူပဲခေါ်သည်။

ခြောက်ပါး၌၊ အားစိုက် ပင်ပန်းသည်။ (မဟာစည်ဆရာတော်)

ထိုအခါ ဟေမဝတနတ်မင်းသည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကြင်တရား(၆) ပါးတို့ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် ပင်ပန်းနွမ်းနယ်ရ၏၊ သတ္တဝါတို့ ပင်ပန်းနွမ်းနယ်ရန် အကြောင်း စွဲယူအပ်သော ထိုတရားခြောက်ပါးဟူသည် အဘယ်ပါ နည်း။ သံသရာဝဋ်မှ ထွက်မြောက် ကြောင်းတရားကား အဘယ်ပါနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် သံသရာဝဋ်မှ လွတ်မြောက်ရပါသနည်း ဖြေကြားတော်မူပါ”ဟု မေးမြန်း လျှောက်ထားလေ၏။

ဒါယကာ ဟေမဝတနတ်မင်း ... လောက၌ စိတ်လျှင်ခြောက်ခုမြောက်ရှိကုန်သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ဤကာမဂုဏ်ငါးပါးတို့ကို ငါဘုရားထင်ရှား

ဟောပြအပ်ကုန်ပြီ။ (စိတ်တည်းဟူသော စကားရပ်ဖြင့် မနာယတနကို တိုက်ရိုက် ဟောပြတော်မူသည်၊ ထိုသို့ စိတ်တည်းဟူသော မနာယတနကို တိုက်ရိုက် ဟောကြားခြင်းဖြင့် ထိုစိတ်၏အာရုံဖြစ်သော ဓမ္မာယတနကိုလည်း ဟောကြားအပ်ပြီး ဖြစ်လေတော့၏။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ဤကာမဂုဏ်ငါးပါးဖြင့် ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန ငါးပါးတို့ကို တိုက်ရိုက် ဟောပြတော်မူသည်၊ ထိုငါးပါးတို့ကို တိုက်ရိုက် ဟောကြားခြင်းဖြင့် ထိုအာရုံငါးပါးကို ယူတတ်ကြသည့် မျက်စိ, နား, နှာ, လျှာ, ကိုယ် တည်းဟူသော အာယတနငါးပါးတို့ကိုလည်း ဟောကြားအပ်ပြီး ဖြစ်လေတော့၏။)

ဒါယကာ ဟေမဝတနတ်မင်း ... ဤအာယတန(၁၂)ပါး ဒုက္ခသစ္စာ ဝဋ်တရားစု၌ (ခန္ဓာအနေဖြင့်ဖြစ်စေ အာယတနအနေဖြင့်ပင်ဖြစ်စေ ဓာတ်အနေဖြင့်ဖြစ်စေ အကျဉ်းချုပ် နာမ်ရုပ်အနေဖြင့်ဖြစ်စေ ပိုင်းခြားမှတ်သားပြီးလျှင် လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှုလျက် အရဟတ္တမဂ်လျှင် အဆုံးရှိသော ဝိပဿနာဖြင့်) တဏှာဆန္ဒကို အကြွင်းမဲ့ ပယ်ရှားဖျက်ဆီးရမည်၊ ယင်းသို့ ပယ်ရှားဖျက်ဆီး၍ ဤနည်းဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရပေ၏။ ဒါယကာ ဟေမဝတနတ်မင်း ... သင်တို့အား ငါဘုရားသည် ကာမဓာတ် ရူပဓာတ် အရူပဓာတ်တည်းဟူသော သင်္ခါရလောကမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး နိယျာနိကတရားကို အမှန်အတိုင်းဟောကြားအပ်ပေပြီ။ ဤသို့ မဂ္ဂင်ရှစ်ပါးတရား လမ်းကြောင်းဖြင့်သာ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ကြ၍ အခြားလွတ်မြောက်ရန် နည်းလမ်းမရှိချေ ဟူ၍ ရှင်းလင်းပြတ်သားစွာ ဟောကြားတော်မူလေ၏။

ငါးဖြာကာမ၊ ဆဋ္ဌစိတ်တွင်၊

ငါ့ဟာ ငါပဲ ယူစွဲထင်မြင်။

ထိုမှာဖြစ်ထိုက်၊ နှစ်ခြိုက်ပယ်လျှင်၊

ဆင်းရဲမှ၊ လွတ်ရ ယောဂီရှင်။ (မဟာစည်ဆရာတော်)

ဟေမဝတနတ်မင်းသည် ပင်ကိုယ်ပကတိကပင် တရားတော်၌ရှိသေလေးစားသူဖြစ်သည့် အပြင် ယခုအခါ သောတာပန်အရိယာအဖြစ်၌တည်ပြန်ရကား မြတ်စွာဘုရား၏ ဆန်းကြယ်စွာ သဒ္ဒါအနက်နှင့်ပြည့်စုံသည့် တရားဒေသနာကို ကြားနာရခြင်း၌ လွန်စွာ

လွန်စွာ မရောင့်ရဲ မတင်းတိမ်နိုင်ရကား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... ဤလောက၌ အဘယ်သို့သော အကျင့်ဂုဏ်နှင့်ပြည့်စုံသောသူသည် ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးသန်းနိုင်ပါသနည်း၊ ဤလောက၌ အဘယ်သို့သော အကျင့်ဂုဏ်နှင့် ပြည့်စုံသောသူသည် အပြောကျယ်လျက် နက်လည်းနက်စွာ သံသရာတည်းဟူသော သမုဒ္ဒရာကို ကူးသန်းနိုင်ပါသနည်း၊ အောက်အဖို့ဖြင့်လည်း ထောက်တည်ရာမရှိ အထက် အဖို့ဖြင့်လည်း ဆွဲတွယ်ရာမရှိဘဲ နက်နဲစွာ သံသရာတည်းဟူသော သမုဒ္ဒရာ၌ မနစ်မွန်း ချမ်းသာစွာ တည်နေသောသူသည် အဘယ်သူပါနည်း ဘုရား" ဟူ၍ ဆက်လက်မေးမြန်း လေ၏။

"ဒါယကာ ဟေမဝတနတ်မင်း ... အကြင်သူသည် အခါခပ်သိမ်း သီလနှင့်ပြည့်စုံ၏၊ လောကီ လောကုတ္တရာ ပညာအထူးနှင့်လည်း ပြည့်စုံ၏၊ ဥပစာရသမာဓိ အပ္ပနာသမာဓိ နှင့်လည်း ပြည့်စုံကာ ကောင်းစွာတည်ကြည်၏၊ နိယကဇ္ဈတ္တခေါ်သော မိမိ၏ရုပ်နာမ်ခန္ဓာ တရား၌ လက္ခဏာရေးသုံးပါးသို့တင်၍ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ရှုလေ့ရှိ၏၊ ထို သီလ သမာဓိ ပညာသိက္ခာသုံးပါးကို အမြဲမပြတ်ပြုကျင့်အောင် ရွက်ဆောင်နိုင်သော သတိ တရားနှင့်လည်း ပြည့်စုံ၏၊ ထိုသို့ သီလ သမာဓိ ပညာသိက္ခာသုံးပုံ ကြွန်အင်စုံသောသူ သည် သာမန်လူတို့ ကူးမြောက်နိုင်ခဲသော ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးသန်းနိုင်ပေ ၏။ ဒါယကာ ဟေမဝတနတ်မင်း ... အကြင်သူသည် ဝတ္ထုကာမတို့၌ တွယ်တာတပ်မက် သော တဏှာနှင့်ယှဉ်သော သညာတရားတို့မှ အမြစ်ပြတ်ရှောင်ကြဉ်ပြီး ဖြစ်ပေ၏၊ မဂ်လေးပါးဖြင့် သံယောဇဉ်ဆယ်မျိုး လွန်ရှည်ကြိုးကို ပယ်ချိုးလွန်မြောက်ပြီးလည်း ဖြစ်ပေ၏၊ နန္ဒီခေါ်သော တဏှာသုံးပါး ဘဝသုံးပါးတို့လည်း အကြွင်းမဲ့ ကုန်ခန်းပြီးသူ ဖြစ်ပေ၏၊ ထိုသို့သော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် အောက်အဖို့ဖြင့် လည်း ထောက်တည်ရာမရှိ အထက် အဖို့ဖြင့်လည်း ဆွဲတွယ်ရာမရှိဘဲ နက်နဲစွာ သံသရာ တည်းဟူသော သမုဒ္ဒရာ၌ သဉပါဒိသေသနိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ရောက်သဖြင့်၎င်း, ဘဝကုန်ခန်းသဖြင့် အနုပါဒိသေသနိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်သို့ ရောက်သဖြင့်၎င်း မနစ်မြုပ်သောသူမည်၏" ဟူ၍ ဖြေကြားတော်မူလေ၏။

သီလသန့်ရှင်း၊ အတွင်းမှာပင်၊

ကြံ့ရှုမှုရှိ၊ သတိထင်လျှင်။

စိတ်တည်ကြည်ရင်း၊ ဉာဏ်လင်းသိမြင်၊
သြဃနက်၊ ကူးထွက် ယောဂီရှင်။ (မဟာစည်ဆရာတော်)
ကာမဂုဏ်ထဲ၊ တပ်စွဲ ရှောင်ကြဉ်၊
သံယောဇဉ်များ၊ လွန်သွားလေလျှင်။
နန္ဒီရာဂ၊ ဘဝကုန်စင်၊
ပင်လယ်မြစ်၊ မနစ် ယောဂီရှင်။ (မဟာစည်ဆရာတော်)